စိုးမိုးစာပေ

# ဂျူး

# သံယောဇဉ်ပါတော်မူခန်း



Digital Art: Idea Kyaw & Wai Yan

# အခန်း(၁)

မိုးက ညို့မှိုင်းနေတာ ညနေကတည်းက ဖြစ်သည် ။

ကိုကိုကြီး အဆူခံထားလို့ စိတ်ညစ်ညစ်နှင့် သူငယ်ချင်းအိမ်မှာ တစ်ညနေလုံး သွားထိုင်နေခဲ့သည် ။

မိုးတွေမှောင်နေတာမြင်တော့ ‘နင်မိုးမိဦးမယ်’ လို့ တော့အရိပ်က သတိပေးသေးသည် ။ ပြီးတော့ ဘာမှ ထပ်မပြောခဲ့။

နှစ်ယောက်သား သူ့မိဘတွေလည်း ရှိမနေကြသောအချိန်မှာ ဂိမ်းဆော့ရင်း ညမိုးချုပ်မှ ပြန်သင့်ပြီမှန်းသတိရသည် ။

ဒါတောင် လူကြီးတွေပြန်ရောက်လာကြ၍ ဖြစ်သည် ။

“မိုးတွေကမှောင်နေတာပဲ မယွန်း နင် မိုးမိမယ်ထင်တယ်”

“ရပါတယ်ဟာ ကားပါတာပဲ”

မိုးမှောင်တာလား။ ညမှောင်တာလားမသိ၊ ကောင်းကင်မှာ ကြယ်တွေ လတွေပျောက်ဆုံးကာ မဟူရာကဗ္ဗလာကို ခင်းထားသည် ။ မြူးမြူးငြိမ့်ငြိမ့်လေးသာ တိုးစိမ့်နေသည့် လေက မိုးသက်လေဟု ခံစားမိလိုက်သောအချိန်မှာ မိုးစက်တွေကြွေဆင်းလာကြသည် ။

ထိုအချိန်မှာ ပဲ မယွန်းမောင်းလာသည့် ကားက လမ်းပေါ်မှာ ရပ်တန့်သွားခဲ့၏။

အင်းယားကန်ပတ်လမ်းမှာ လူသွားလူလာက ကင်းရှင်းနေသည် ။

ရာသီဥတုကြောင့် ပို၍ ရှင်းလင်းနေတာဖြစ်သည် ။

ကားကဘာဖြစ်သွားပါလိမ့် ...

မယွန်းကားပေါ်က ကမန်းကတန်းဆင်းကာ စက်ဖုံးကိုဖွင့်ကြည့်သည် ။

ကချိကချောက်ဖြစ်တာလောက်တော့ သူမကြည့်တတ်ပါသည် ။

ဒါပေမဲ့ ဓာတ်မီးသေးသေးလေး၏ အလင်းအားလေးထဲမှာ သူမထိုးကြည့်သမျှ ဘာအပြစ်မှ ရှာမတွေ့ဘဲဖြစ်နေသည် ။

မိုးစက်တို့ က ပို၍ စိပ်ကျလာသည် ။ အဝေးဆီက အော်ချလာသည့် မိုးသံက ကြောက်မတ်ဖွယ် တုန်ဟီးလာ၏။

ဒုက္ခပဲ မယွန်းကားထဲပြန်ပြေးဝင်သည် ။ ကားထဲရောက်မှ စက်ဖုံး မပိတ်ခဲ့ရတာကို သတိရ၏။ သွားပြီ မိုးစက်တွေက တဖြောင်းဖြောင်းသွန်ကျ လာပြီ။

မယွန်းကားပေါ်က ပြန်ပြေးဆင်းကာ စက်ဖုံးကို ကမန်းကတမ်း ပြန်ပြေးပိတ်သည် ။ ထိုအချိန်မှာ ပင် သူမကိုယ်မှာ မိုးရေတွေ ရွှဲစိုသွားတော့သည် ။

ဒေါသဖြစ်ဖြစ်နှင့် ဒီအတိုင်းပဲရပ်နေလိုက်မိသည် ။

စိုပစေ။ ဒီကားစုတ်ကို စီးခိုင်းကာမှ တော့ စိုပစေ အရှက်ကွဲလည်း ကွဲပစေ။

အိမ်မှာ ကားတွေနှစ်စီးသုံးစီးရှိသည် ။ ကိုကိုစီးနေတဲ့ ကားကော ဒယ်ဒီတို့ စီးတဲ့ ကားကော ဘာပဲလုပ်လုပ် ကားထဲကနေ ခလုတ်နှိပ်ရုံလ

က်လှူပ်ရှံနဲ့ ပြီးသည် ။

ကိုယ်ကျတော့ ကားစက်ဖုံးဆိုပြေးဖွင့်မှ ပြီးရင်ပြန်ချ။

ကိုကိုစီးတဲ့ ကားမျိုး စီးချင်တယ်ပြောတော့ 'သမီးက ကလေးပဲ ရှိသေးတာ' တဲ့ ။

စီးပွားရေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်ပဲဖြစ်နေပြီ။ ဒါကလေးလား။

ကိုကိုက မယွန်းထက် ဆယ့်သုံးနှစ်တောင်ကြီးသည် ။

ကိုကိုနဲ့ အသက်အဲဒီလောက်ကွာလို့ တဲ့ မယွန်းက ကလေးဖြစ်သွားတာလား။

အိမ်မှာ ဘာကိစ္စမဆို ကိုကို စီမံခန့်ခွဲနေရပြီ။

မာမီကော ဒယ်ဒီကော ဘာမဆို ကိုကိုပြီးမှ ပြီးသည် ။

မယွန်းဆိုရင် ဘာပြောပြော မှန်တော့လည်း အတည်မယူချင်။ မှားတော့လည်း အပြုးမပျက်ကြ။

ထိုအဖြစ်မျိုးကို မယွန်းမလိုချင်ပါ။ လူတိုင်းကတော့'အငယ်ဆုံးဆိုတော့ သိပ်ချစ်ကြတာပဲ' 'မယွန်းဆိုတဲ့ ကောင်မလေးဟာ မြဂေဟာရဲ့ နှလုံးသည်းပွတ်' တဲ့ ။

နှလုံးသည်းပွတ်ဆိုတာကို ဘာပြောပြော အငယ်ဆိုတာနဲ့ ပဲ ချောင်ထိုးထားကြတာကျတော့ ဘယ်သူမှ မသိ။

မိုးရေထဲမှာ တစ်ယောက်တည်းရပ်ရင်း ဝမ်းနည်းတာမျိုးလည်း မဟုတ်။

မကျေနပ်နေတာလည်း မဟုတ်ပါ။ ကိုယ့်အဖြစ်ကို ဘယ်လိုမှ အားမရနေတာဖြစ်သည် ။

မိဘတွေချစ်တာလည်း သိသည် ။ ကိုကိုကလည်း အလိုလိုက်သည် ။ ဒါပေမဲ့ မယွန်း လူရာမဝင်သလိုပဲခံစားနေရ၏။

"ဂျိမ်း... ဒလိန်း"

လျှပ်ရောင်ဝင်းခနဲဖြစ်ကာ မိုးခြိမ်းသံက မိုးကြိုးပစ်သံလောက်ကျယ်သည် ။

ရုတ်တရက်လန့်ဖျပ်ကာ မယွန်း ကားကိုမှီလျက် ဆတ်ခနဲထိုင်ချကာ ကိုယ့်ဒူးကိုယ် ဖက်ထားသည် ။ ဒူးပေါ်မျက်နှာမှောက်၏။

နောက်ထပ်တစ်ချက်ထပ်ပစ်လျှင် လူပေါ်ကျတော့မလို ကြောက်လန့်ကာ မျက်လုံးတွေကိုပင် မဖွင့်ရဲတော့။

နေရာမှ ထ၍ ကားထဲဝင်ထိုင်ဖို့ လည်း သတိမရ။

ထိုစဉ် စိတ်ထဲမှာ ကားတစ်စီးလာနေသည် ဟု ခံစားမိလိုက်သဖြင့် မျက်လုံးဖွင့်ကြည့် လိုက်သည် ။

ကားမီးနှစ်လုံး၏ အလင်းရောင်ကို မိုးစက်တို့ ၏ ကြားထဲမှာ မှုန်ဝါးဝါးမြင်လိုက်သည် ။

တစ်စီးတောင်မဟုတ် နှစ်စီးက ရှေ့နောက်သိပ်မကွာ။

မယွန်း ခေါင်းပေါ်ကနေ ချောင်းရေလျှံသလို အဆက်မပြတ်ဆင်းကျနေသည့် မိုးရေတွေကို လက်ဖဝါးလေးနှင့် တွင် တွင် သပ်ချရင်း ကားဆီသို့ကြည့်၍ ဝမ်းသာအားရထရပ်၏။

ခါးထိရှည်သောဆံပင်တို့ ကို ဖြန့်ချထားခဲ့တုန်းက ဖြာဝေလျက် လမ်းလျှောက်လိုက်တိုင်း ကျောပေါ်မှာ နွဲ့နေသည် ။

ထိုင်လိုက်ထလိုက်တိုင်း ဆံဖျားလေးတွေက ဝေ့ခါသွားတတ်၏။

'မယွန်း နင်ဆံပင်တွေက သိပ်လှတာပဲ' ဟု လည်း အရိပ်ကပြောခဲ့ဖူးသည် ။

ခုတော့ ဆံပင်တွေက ကျောထက်မှာ ခိုကိုးရာမဲ့သလို ပိကပ်စို့ရွဲကာ အတော့်ကို အကြည့်ရဆိုးနေလိမ့်မည်။

သို့သော် ညက မိုးကြောင့် သိပ်သည်းစွာမှောင်နေသည် ။လမ်းမှ မီးတိုင်တို့ ၏ လင်းအားက လမ်းပေါ်သို့ မရောက်တော့။

သူမရပ်နေတာကိုကော မြင်ပါ့မလား။

ထိုစဉ် လျှပ်ရောင်ဝင်းခနဲလက်သွားသဖြင့် မယွန်း နားနှစ်ဖက်ကိုစုံပိတ်ကာ မျက်လုံးကိုပါပိတ်ထားလိုက်မိသည် ။ ကြောက်တတ်လွန်းသည့် သူမ ကားတားဖို့ ကိုသတိရကာ မျက်လုံးဖွင့်လိုက်တော့ကားတွေက ဝေးကွာသွားပြီ ဖြစ်၏။

နောက်ထပ်ကားတွေ လာကြပါသည် ။

ဒါပေမဲ့ တားလို့ မရ။

အငှားကားလည်း မလာ။ ကိုယ်ပိုင်ကားတွေကလည်း စိုရွှဲနေသည့် သူမကို မတင်ချင်ကြသဖြင့် ရှောင်ထွက်သွားကြ၏။

အဲဒါပါပဲ။ မယွန်းကိုဆို ဟန်းဖုန်းလေးတောင်မှ ကိုင်ခွင့်မပေး။

ဒီနေရာမှာ ဖုန်းသာရှိလျှင် ဝပ်ရှော့ကိုလှမ်းခေါ်ပြီး ကားထဲဝင်ထိုင်နေရုံသာ။

ခုတော့ ဖုန်းပေးထားပါဆိုလည်း ဂရုမစိုက်ကြ။

"ပေးမကိုင်နဲ့ မာမီ၊ မာမီ့သမီးက အပေါင်းအသင်းတွေသိပ်များ တာ၊ ဟန်းဖုန်းပေးလိုက်မှ မျောက်ခြေထောက် စကိတ်တပ်ပေးလိုက်သလို ဖြ

စ်မှာ ” တဲ့ ။

ကိုကိုက ပြောပြီဆိုမည့်ဟာမတာ။

ဒီပုံစံနဲ့ သာ ကြာကြာနေရလျှင် အအေးမိလို့ အကြောဆွဲသွားနိုင်သည် ။

မိုးရေကစို လေကတိုက်။

လူတွေကလည်း တင်ခေါ်ရမည်စိုးကာ ကားပင်သေချာရပ်၍ စကားမပြော။

အားနာပါးနာ တင်ရမှာ စိုး၍ ထင်သည် ။

ဒီလောက်ထိစိုရွှဲနေကာမှ ကားပေါ်ပြန်ထိုင်နေရော ဘာထူးတော့မှာလဲ။

လက်နှစ်ဖက်ကို ကျစ်နေအောင်ပိုက်ကာ ကိုယ်က တဆတ်ဆတ်တုန်နေသည် ။

ထိုစဉ် ကားတစ်စီး၏ မီးရောင်ကို မြင်လိုက်ရပြန်၏။

ဒီကားကိုတော့ ရအောင်တားမှာ ပါ။

စိတ်ဒုံးဒုံးချကာ မယွန်း လမ်းမလယ်ခေါင်ထိ ပြေးရပ်တားလိုက်မိသည် ။

လူကို တိုက်သတ်မသွားဘူး ဆိုရင်တော့ ဒီကား ရပ်ကိုရပ်ရမည်။

ကားသည် သူမနှင့် ကပ်ကပ်လေးကျမှ ထိုးရပ်သွားခဲ့၏။

အထဲမှာ မီးဖွင့်ထားသဖြင့် ယောကျ်ားတစ်ယောက်မှန်းသိသည် ။

ဒါပေမဲ့ မတတ်နိုင်ပါ။ အကူအညီတစ်ခုခုတော့ တောင်းကြည့်ရမည်

။

ကားရပ်သည် နှင့် မယွန်း မောင်းသည့် သူနံဘေးကို ပြေးသွားမိ၏။

“ဘာလဲ"

မေးပုံက မယွန်း ဘာတစ်ခွန်းမှ ဆက်မပြောနိုင်အောင် တားဆီးလိုက် သလိုလို။ ဘာပြောတော့မည်ကိုသိနေ၍ ကြိုတင်တားဆီးလိုက်သလိုလို။

ငုံ့ကြည့်လိုက်မိတော့ သုံးချိုးနှစ်ချိုးခန့် အလင်းရောင်ရှိနေသော မျက်နှာချောချောကို သေသေချာချာကြီးမြင်လိုက်ရ၏။ နက်မှောင်ထူခဲသော မျက်ခုံးအစုံသည် အလိုမကျစွာ အထက်စီးဆန်

စွာ တွန့်ကုတ်ထားသော်ငြား အလွန်ချောမောနေတာကို တွေ့ရ၏။

မယွန်း ထိုသူ့မျက်နှာပေါ်က မလိုလားခြင်းကို တဒင်္ဂမေ့လျော့ကာ ငေးခနဲကြည့်မိ၏။ မျက်နှာပေါ်မှာ နှောင့်ယှက်နေဆဲရှိသော မိုးရည်တို့ကိုပါ စိတ်မရှည်နိုင်စွာ ပွတ်သပ်ချနေရင်း ...

"ခဏချပေးပါ"

စကားပြောလို့ ရအောင် မယွန်းက မှန်ချပ်ကို လက်ဖဝါးနှင့် ပုတ်ကာ ခဏချပေးဖို့ ပြော၏။

သူမအသံကိုမကြားသော်လည်း အမူအရာကိုကြည့်၍ သူ နားလည်မှာ ပါ။

သို့သော် သူသည် ခေါင်းတစ်ချက်ခါ၍ ဂီယာသွင်းလိုက်၏။

"အို...ဒီမှာ ...ဒီမှာ "

သူသည် မှန်တံခါးကို အတင်းပုတ်ခတ်၍ သေလုမျောပါး ခေါ်နေသ

ည့် မယွန်းကို တစ်ချက်မှ ပြန်မကြည့်တော့ဘဲ ကား စတင်၍ ဘီးလိမ့်စေခဲ့သည် ။

"ဒီမှာ ...ရှင့်...ရှင့် အဲဒီလောက်မရက်စက်ပါနဲ့ ၊ ဒီမှာ မိန်းကလေးတစ်ယောက်တည်း ဒုက္ခရောက်နေတာ ၊ ဒီမှာ ရှင်...ရှင် နေဦး ... နေပါဦး"

မယွန်း ကားကိုဆွဲထားလို့ မနိုင်မှန်း သိပေမယ့် လိုက်မိသမျှ ထိ အတင်းပြေးလိုက်သည် ။

ကားကို လက်သီးဆုပ်နှင့် မိသည့် နေရာကို အတင်းထုပစ်မိ၏။

ကားကတော့ ရက်စက်တတ်သည့် သခင်၏ အလိုကျ အမြန်နှုန်းသို့ တရွေ့ရွေ့ ထိုးတက်သွားခဲ့သည် ။

"တောက်"

မယွန်း ကား၏ အရှိန်နောက်သို့ ကိုယ်ကပါကာ ခြေထောက်က ရပ်ကျန်ခဲ့သော်လည်း မတ်မတ်မနေနိုင်တော့ဘဲ လမ်းမထက်မှာ ပြိုလဲကျန်ခဲ့သည် ။

တစ်ကိုယ်လုံးသည် ကိုင်ရိုက်ခံလိုက်ရသလို နာကျင်သွားပြီး ထိုမျက်နှာချောချောကို အံ့ဩနာကျင်စွာ တွေးမိရင်း ရင်နာသည့် ဝေဒနာက ပို၍ ခံရခက်စေသည် ။

ရှေ့ကားတွေမှာ အရှိန်လျှော့မောင်းသွားကြပေမယ့် ရပ်ကိုမရပ်ခဲ့ကြပါ။ ရပ်မပေးလို့ တားမရခဲ့တာက ကြေကွဲဖွယ်မရှိ။

ခုတော့ ကားရှေ့ကပိတ်ရပ်ပစ်လိုက်၍ ရပ်ပေးခဲ့သည် ။

ရှေ့ကဖယ်၍ သူ့ဘေးရောက်သွားတော့ ကားကို မောင်းထွက်သွား၏။

ဘာလဲလို့ မေးဆတ်မေးလိုက်သော မဖွယ်ရာသည့် မျက်နှာတွင် မလွှဲသာလို့ ကူညီရတော့မည့် အမူအရာတွေ ခဏတစ်ဖြုတ် ထင်လိုက်ပါသေးသည် ။

တကယ်တော့ မယွန်း ကားရှေ့ကနေ ဖယ်ခွာသွားအောင် ယောကျ်ားတန်မယ့် မာယာသုံးသွားသည် လား။

ဒေါသသည် လျှပ်ရောင်ကဲ့သို့ ပြတ်သားသည် မဟုတ်ဘဲ သက်တန့်လို ရောင်စုံရောထွေး နေခဲ့သည် ။

လမ်းပေါ်ကနေ ကိုယ်ကိုပြန်လည်ထူမတ်ဖို့ ကြိုးစားလိုက်တော့ သူမ မထနိုင်တော့ဘဲ မိုးရေတွေကြားမှာ မျက်ရည်တို့ ရောထွေးကျလာ၏။

ဒူးနှစ်ဖက်လုံးမှာ အနာတရဖြစ်သွားခဲ့ပါပြီ။

ခုနေသာ မီးမထိုးဘဲမောင်းလာသည့် ကားလာလျှင် ဒါမှ မဟုတ် မီးအားမကောင်းဘဲ မိုးစက်တို့ နှင့် မှုန်ဝါးဝါးကြားမှာ မမြင်မစမ်းမောင်းချလာသူသာရှိလျှင် သူမကို နင်းဖြတ်တိုက်ချသွားမှာ

အမှန်ပဲ ဖြစ်၏။

မယွန်း ဘယ်သူ့မှ အနားမှာ မရှိသော်လည်း ဘာကိုမှန်းမသိဘဲ အရွဲ့တိုက်ပစ်လိုက်ချင်မိသည် ။

သေပစေ။ လမ်းပေါ်မှာ လေးဖက်ထောက်မသွားဘူး။

မာနနှင့် စိတ်တင်းကာ မျက်လုံးတွေကိုပါ မှိတ်ချပစ်လိုက်၏။

မိုးသည် အရှိန်တန့်သွားသော်လည်း သည်းမည်းစွာရွာနေဆဲ ဖြစ်၏။

ဆံပင် နဖူးမှ တစ်ဆင့် မျက်ခုံးတို့ ကို လျှောချဖြတ်ဆင်းကာ မှိတ်ချထားသည့် မျက်တောင်ဖျားတို့ တွင် ရေတံခွန်များ လို တသောသောတိုး

ပျော့သွားကြ၏။

ထိုစဉ် လျှပ်ရောင်လား ကားမီးလားမသိပါ။

သူမမျက်လုံးထဲမှာ ဝင်းခနဲ တစ်ချက်ဖြစ်သွားသည် ။

မျက်လုံးမဖွင့်ဘဲ ကားတစ်စီး၏ အသံကိုပါ နားစွင့်မိလိုက်ချိန်တွင် အံကြိတ်၍ စိတ်ကို ဒုံးဒုံံချထားလိုက်သည် ။

တိုက်ချင်တိုက်သွားပါစေတော့။

ပို၍ သေချာလာသည် က ထိုအလင်းရောင်သည် သူမမျက်လုံးထဲသို့ နောက်တစ်ကြိမ် ကျူးကျော်ဝင်ရောက်လာ၍ ထပ်မံ သွေဖည်သွားခြင်း မရှိတော့ပါ။

အလင်းရောင်က တစ်စစ ပို၍ စူးစူးရှရှဖြစ်လာကာ ကားသံက ပီပြင်လာ၏။

ထို့ထက်ပို၍ မျက်နှာရှေ့ပြေးဝင်လာသလိုဖြစ်လာရာ တိုက်မိတော့မည် ဆိုသည့် ချောက်ချား စိတ်ကြောင့် မျက်လုံးတွေကို ပို၍ တင်းအောင်ပိတ်ပစ်မိသည် ။ အောက်နှုတ်ခမ်းကိုပါ နာကျင်ရမှန်း မသိအောင် ဖိကိုက်ထားလိုက်မိ၏။

သို့သော် ကားမီးရောင်သည် စူးရှနေဆဲနှင့် ကားက သူမနားမှာ ပဲ ရပ်တန့်သွား၏။

မယွန်း မျက်လုံးတွေကို မဖွင့်ရဲသေးဘဲရှိစဉ် ...

"သမီးငယ်"

"ညီမလေး"

"ဟင်"

မယွန်း ဝမ်းသာအားရဖြစ်သွားကာ မျက်လုံးတွေချက်ချင်းဖွင့်လိုက်၏။

"ဒယ်ဒီ"

"သမီးလေး"

"ညီမလေး"

"ကိုကိုကြီး"

ဒယ်ဒီသည် ထီးကိုင်လျက်ဆင်းလာသော်လည်း ထီးမဖွင့်နိုင်။

ကိုကိုက သူမကားဘေးကို ပြေးလွှားရောက်လာ၏။

နှစ်ယောက်စလုံးသည် မယွန်းနံဘေးသို့ရောက်သည် နှင့် မိုးတွေ စိုကုန်ကာ...

"ကံကြီးလို့ ညီမလေးရာ၊ လမ်းမပေါ်မှာ ဘာဖြစ်နေတာလဲဟင်"

ကိုကိုသည် သူမကိုမေးသော်လည်း အဖြေကိုမစောင့်ဘဲ စွေ့ခနဲကောက်ပွေ့၏။

ဒယ်ဒီက ထီးဖွင့်မလို့ လုပ်ပြီးမှ အားလုံးစိုရွှဲကုန်သည့် အဖြစ်ကို သတိရသွားသလို မဖွင့်တော့ဘဲ အပြေးအလွှားလိုက်လာကာ ကားတံခါးဖွင့်ပေး၏။

"ဟိုမှာ ... ကား ... ကားပျက်နေတယ်ကိုကိုကြီး"

"နေပစေ၊ ကိုကိုကြီးမြင်တယ် ၊ အဲဒီမှာ တဘက်ပါလာတယ်၊ ညီမလေးခြုံထား"

ယွန်းကို ကားထံထည့်ပေးပြီး ကိုကိုကြီး နောက်ပြန်လှည့်တော့ ဒယ်ဒီက . . .

"ဒယ်ဒီသွားပိတ်လိုက်မယ်၊သားကြီး အထဲဝင်တော့"

"ဟာ . . . ဒယ်ဒီဝင်နေပါ၊ သားသွားပိတ်မယ်"

ကိုကိုက သူ့ကိုယ်တိုင်တံခါးဖွင့်၍ ဒယ်ဒီ့ကိုပါ ကားထဲဝင်စေပြီးမှ မယွန်းရဲ့ ကားလေးဆီ ပြေးသည် ။

"သမီးလေး. . . ရော့ . . . ခေါင်းကရေတွေသုတ်စမ်း"

သုတ်စမ်းဟု ပြောပြီး ဒယ်ဒီက သူကိုယ်တိုင် သုတ်ပေးရှာသည် ။

"စိုနေပြီပဲ ဒယ်ဒီ၊မထူးတော့ဘူး၊ ဒယ်ဒီ့ခေါင်းကိုသုတ်ပါ"

"မဟုတ်တာသမီးရယ် ၊ ဒယ်ဒီတို့ ကလူကြီး ၊ ဒီဘက်ကိုတိုး"

"ဒယ်ဒီရယ်"

တစ်ညနေလုံး ဒယ်ဒီဆူခဲ့တာကိုသတိရရင်း မကျေနပ်စိတ်တွေနှင့် ပြစ်မှားစော်ကားနေခဲ့မိသည် ။

မိဘမေတ္တာကိုသိလျက်နှင့် လိုတာမရ၍ မှားခဲ့ခြင်းပါ။

မယွန်း ဒယ်ဒီ့ခါးကိုဖက်ထားကာ ရင်ခွင်ထဲတိုးဝင်ရင်း မျက်ရည်လည်လာခဲ့သည် ။

ဒယ်ဒီကမသိရှာ။ စိုးရိမ်ကြီးသောမေတ္တာများ နှင့် သူမ၏ ဆံစတွေကို တယုတယ ပွတ်သုတ်ပေး နေရှာသည် ။

ကိုကို ကားထဲဝင်လာသောအခါ . . .

"သိပ်မမောင်းနဲ့ တော့သားကြီး၊ ညီမလေးကိုတွေ့ပြီပဲ၊ မိုးရေထဲမှာ အန္တရာယ်ရှိတယ်"

"ဟုတ်ကဲ့"

ကိုကိုကြီးသည် ဒယ်ဒီ့ရင်ခွင့်ထဲမှာ ငြိမ်သက်နေသည့် မယွန်းကို တကြည့်ကြည့်နှင့် ပါ။

တစ်ခုခုကို မေးချင်ပုံရကာ နှုတ်ခမ်းအစုံကို မကြာခဏပြင်သော်လည်း မမေးဘဲနေခဲ့ရှာသည် ။

သူမ တစ်ညနေလုံးပျောက်ကာ မိုးချုပ်သည် အထိ ပြန်မလာခဲ့ခြင်း အတွက် တစ်အိမ်လုံး ဘယ်လောက်များ ပူပန်နေခဲ့မည်လဲ။

*

# အခန်း(၂)

ခြံထဲဝင်လိုက်ကတည်းက သူ သဘောကျသွားခဲ့သည် ။

ခြံထဲမှာ အလှအပစိုက်ပျိုးထားသည့် ပန်းပင်တွေချည်းမဟုတ်ဘဲ မြက်ခင်းစိမ်းစိမ်း တို့ သည် သာ တပြန့်တပြောရှိနေကာ သစ်ပင်ကြီးတွေက သက်ရင့်ပင်ကြီးတွေ ဖြစ်သော်လည်း သူ့နေရာနဲ့ သူ စနစ်တကျ။

ကားက အလွန်နန်းဆန်၍ ထည်ဝါလှပသော ပေါ်တီကိုမြင့်ကြီး အောက်မှာ တုံ့ရပ်သွား၏။

ချိုတူးက တစ်ဖက်မှ ဆင်းကာ သူ ဒီဘက်ကနေဆင်းသည် ။

ချိုတူးကပဲ ကားဦးခေါင်းကို ကွေ့ပတ်လျှောက်လာကာ သူ့ဘေးမှ လာရပ်၏။

သူ လှမ်းကြည့်နေသည့် ဘက်ကိုပဲ လိုက်ကြည့်၍ . . .

"ဘယ့်နှယ်လဲ"

"မဆိုးပါဘူး"

သူပြော၍ လက်ပိုက်လိုက်သည် ။ ပြီးတော့ ကားမှာ တင်ပါးတစ်ခြမ်းနှင့် အသာကပ်မှီရပ်လိုက်ပြီး . . .

"ပန်းပင်တွေမကြိုက်ဘူး"

ဟု တုံးတိတိပြော၏။

ချိုတူး မျက်မှောင်ကုတ်သွားသည် ။

"ပန်းပင်တွေ မကြိုက်ရင် အဲဒီနားမသွားနဲ့ ပေါ့ကွ၊ ပန်းဆိုတာ ခူးဖို့ ပန်ဖို့ တစ်ခုတည်း အသုံးဝင်တာ မဟုတ်ဘူး ၊ သူ့ကြောင့် မွှေးတယ်၊ သူ့ကြောင့် သာယာလှပတယ်၊ သူကြောင့် စိတ်ချမ်းသာတယ်"

"ငါမှ စိတ်မချမ်းသာတာ၊ အလှအပဆို ဘာမှ ကိုမမြင်ချင်ဘူး၊ အဲဒီပ န်းပင်တွေ တစ်ပင်မှ မထားနဲ့ "

ချိုတူး မျက်ခုံးပင့်၍ ခေါင်းကုတ်သည် ။

ပြီး ဆတ်ခနဲခေါင်းညိတ်၏။

"ပြီးရော . . . ဘာမကြိုက်တာရှိသေးလဲ"

" ကြည့်ဦးမယ်"

ပြောပြီး သူ တိုက်ဘက်လှည့်သွားတော့ ချိုတူး ကပျာကယာ ရှေ့ ရောက်အောင်ပြေးကာ တံခါးသော့ဖွင့်ပေးလိုက်၏။

အပြင်မှာ မှန်တံခါးတစ်ထပ်နှင့် အတွင်းမှာ ကျွန်းတံခါးတစ်ထပ်။

မှန်တံခါးကို ဘေးသို့တွန်းပြီးမှ အတွင်းတံခါးကို ဖွင့်သည် ။

အထဲမှာ ပရိဘောဂပစ္စည်းတွေ အစုံအလင်ရှိနေသည် ။

တီဗွီ ကွန်ပျူတာတွေကအစ ရှိကာ စန္ဒရားလည်း ရှိသည် ။

ဆက်တီကြီးများကို ကြွရွလှပစွာ ခင်းထား၏။ ဧည့်ခန်းတစ်ခုတည်း နှင့် အောက်ထပ် တစ်ခြမ်းလုံး ပြည့်နေသည် ။

အားလုံးပြည့်စုံအောင် ရှိနေ၏။

တစ်ချက်ဝေ့ကြည့်လိုက်တာနှင့် အိမ်၏ အဆင့်အတန်းကိုချက်ချင်းခ

န့်မှန်းလို့ ရသည် ။

"စက်တွေက အားလုံးကောင်းလား"

"ကောင်းတယ်၊ အမြင့်စားတွေချည်းပဲ၊ သူတို့ က ပြဿနာရှိလို့ အားလုံးကို တန်းဖိုးဖြတ်ထားခဲ့ပြီး ထွက်သွားကြတာ၊ ဆင်းရဲလို့ မှ မဟုတ်တာ၊ ဒါတွေရလိုက်တာ မင်းကံကောင်းတာကွ၊ တန်တယ်၊ မြင့်တယ်’’

သူတို့ နှစ်ယောက် အတူ အပေါ်ထပ်တက်ခဲ့ကြသည် ။

"မလိုပါဘူး၊ ငါ့အတွက် တန်ဖိုးသင့်ဖို့ ထက် နေရာကောင်းဖို့ ပဲလိုတာ၊ ငါ စိတ်ချမ်းသာချင်တယ်"

အပေါ်ထပ်မှာ တစ်ခန်းဝင်တစ်ခန်းထွက် ချိုတူးကပဲ တံခါးဖွင့်၊ သူပဲ ပြန်ပိတ်၊ ဘယ့်နှယ်လဲမေးရတာလည်း အမော။

တိုက်ကြီးမှာ တောက်ပသစ်လွင်နေဆဲဖြစ်သော်လည်း နန်းဆန်သည် က ရှေးကျသလိုရှိနေ၏ ၊ အပေါ်ထပ်ကော အောက်ထပ်မှာ ပါ အခန်းဖွဲ့တွေကများ သည် ။

အခန်းတိုင်းမှာ လည်း ရှိသင့်သည့် ပစ္စည်းအားလုံး အပြည့်။

ဘာမှ ပြောစရာမရှိသဖြင့် ‘မဆိုးပါဘူး’ ဆိုသောစကားထက် ပိုမိုအားရဖွယ် စကားတစ်ခွန်း တလေတော့ ပြောလာသင့်သည် ဟု ထင်မိသည် ။

သို့သော် ချိုတူး သူ့မျက်နှာကို တကြည့်ကြည့်မေးလာသမျှ ခေါင်းပဲဆတ်ပြကာ ဘာစကားမှ မပြန်ခဲ့။

"မဆိုးဘူး" လို့ တောင် ပြောဖော်မရပါလား။

"ဝရန်တာထွက်ကြည့်ရအောင်"

ဟု စကားဟလိုက်သဖြင့် ချိုတူး ဝရန်တာဘက်သို့ ဦးဆောင်ကာ တံခါးဖွင့်ပေးလိုက်ရ ပြန်သည် ။

"ဝရန်တာကာ ခေါင်းရင်းဘုရားခန်းဘေးမှာ လည်း ရှိသေးတယ်တစ်ခု၊ ဒါကတော့ မျက်နှာစာမှာ အကျယ်ပေါ့"

ချိုတူးကရှင်းပြသည် ။

ဝရန်တာမှာ လည်း အမိုးခုံးသပ်သပ် ထုတ်ပေးထား၍ ပွတ်လုံးတိုင်ကြီးများ နှင့် ရစ်ခွေပတ်ကာ ထား၏။

ထို့ပြင် ပန်းအိုးတွေ အစီအစဉ်တကျထားတာ အားလုံးလှပလန်းဆန်းနေဆဲ။

ပန်းတို့ သည် ထူးခြားလှပသော ရောင်စုံတို့ ဖြင့်ရဲရင့်နေကြ၏။

ဘာပန်းတွေမှန်း သူမသိပါ။ လှတာတွေလည်း စိတ်မဝင်စား။

ပန်းတွေကို မျက်မှောင်ကုတ်ကြည့်ပြီး ချိုတူးဘက်လှည့်ကြည့်လိုက်လျှင် ချိုတူးက ကြိုတွက်ပြီးသား။

“ရွှေ့ပစ်မှာ ရွှေ့ပစ်မယ်၊ အဲဒီပန်းအိုးတွေ မင်းလာရင်မရှိစေရဘူး”

ဟု သူမပြောမီ အလိုက်တသိကြိုပြောသဖြင့် သူမျက်နှာပြန်လှည့်သွားသည် ။

မျက်ဝန်းတို့ က ဝရန်တာမှ ခြံထဲသို့အရှေ့တွင် တစ်ဖက်ခြံသို့ စူးစိုက်ကျရောက်သွား၏။

သူမျက်ဝန်းတွေ စူးရှကျဉ်းမြောင်းသွားသည် ။

တစ်ဖက်တိုက်၏ ဒီဘက်မှာ ထုတ်ထားသည့် ဝရန်တာတွင် လှန်းထားသမျှအဝတ်တွေအားလုံး ယောကျ်ားအင်္ကျီမပါ။ ပုဆိုးမရှိ။

တိုနံ့နံ့စကတ် စကတ်အရှည် မိန်းမဝတ်စပို့ရှပ် တို ရှည်ပွ ကျပ် ဆိုဒ်စုံ ဂိုက်စုံ အရောင်စုံရှိနေသည် ။

စင်တွေ ချိတ်တွေမှာ ပြည့်နေသမျှ အထည်အားလုံးသည် မိန်းမကြီး အဝတ်အစားပင် မပါဘဲ မိန်းမငယ်ဝတ် ခေတ်မီ ဒီဇိုင်းများ ချည်းသာ။

"ချိုတူး"

"ဟင်"

"မင်း ဘယ်နေ့ငွေအကြေချေမှာ လဲ"

"ဒီညနေပဲ"

"မချေနဲ့ တော့"

"ဟ . . . ဘာဖြစ်လို့ လဲ မချေရင် စရံဆုံးသွားမှာ ပေါ့ ၊ တစ်ရာနှစ်ရာ မဟုတ်ဘူး "

"ဘယ်လောက်ဖြစ်ဖြစ်ကွာ၊ ငါ ဒီမှာ မနေချင်ဘူး"

"ဟာကွာ . . . မင်းဟာကမဟုတ်သေးပါဘူး၊ မင်းချမ်းသာလို့ စရံငွေ အဆုံးခံနိုင်တယ်ထားဦး ကတိဆိုတာရှိသေးတယ်၊ မင်းရဲ့ စကားတစ်ခွန်းက နောင်တစ်ချိန်မှာ ဘယ်လောက်ထိ တန်းဖိုးမဲ့သွားမလဲ၊ ပြီးတော့၊ သူတို့ မှာ ငါတို့ နဲ့ မပြတ်သေးလို့ မသွားကြရသေးတာ၊ သားသမီးတွေ က နိုင်ငံခြားရောက်ကုန်ပြီ၊ ဒီကပြတ်ရင် သွားမယ်ဆိုတဲ့ မျှော်လင့်ချက်တွေ ရှိကြမှာ ပေါ့"

ချိုတူးက သူကြည့်ခဲ့သည့် နေရာဆီ လှမ်းကြည့်လိုက်ပြီး . . .

"ဘာလဲ . . . ဟိုဘက်မှာ မိန်းကလေးတွေရှိနေမယ်ထင်လို့ လား"

သူမဖြေပါ။ စောစောက သာမန်အတိုင်း တည်တည်တံ့တံ့လေးပဲရှိ

နေခဲ့သည့် မျက်နှာပြင်ကတော့ အေးစက်တင်းမာခြင်းသို့ ကူးပြောင်းသွားခဲ့ပြီ ဖြစ်၏။

"မိန်းမမရှိတဲ့ အရပ်ကို မင်း ဘယ်လိုရှောင်မလဲ စစ်တမ်း၊ မိသားစု တစ်စုရှိနေရင်ပဲ အမေဆိုတာ မိန်းမ၊ သူကနေ မွေးဖွားလာတဲ့ အထဲမှာ သားကော သမီးကောပါကြမှာ ပေါ့၊ မင်းတို့လို တစ်ဦးတည်းသော သား ချည်း မွေးကြတာမှ မဟုတ်ဘဲ၊ အဓိကက သူ့ခြံသူ့ဝန်းထဲမှာ သူလည်း သူ့အသိုက်အမြုံနဲ့ သူ၊ ကိုယ်လည်း ကိုယ်ခြံနဲ့ ကိုယ် သီးသန့်နေတာ၊ မပ တ်သက်လို့ ရနေတာပဲ၊ မင်းကကွာ ခေတ်ပညာတတ်လုပ်နေပြီး တစ်ယူ မသန်စမ်းပါနဲ့ ၊ မင်းသိနေတာတွေကို ထပ်ပြောနေရတာ ငါလည်း အာ မတွေ့ဘူး၊ စိတ်ကို နည်းနည်းလျှော့လိုက်ပါကွာ"

"မလျှော့နိုင်ဘူး ချိုတူး၊ နီးနီးနေရင် ပတ်သက်ရဖို့ တွေ ဖြစ်လာမှာ ပဲ၊ ပတ်ဝန်းကျင်ကို ငါမလိုချင်ဘူး"

"မလိုချင်မယူရုံပဲ စစ်တမ်း၊ ပတ်ဝန်းကျင်ဆိုတာတော့ ရှိကိုရှိနေဦးမှာ ပဲ၊ ဒါကိုဆန့်ကျင်ပြီး မင်း တောကြီးမျက်မည်းထဲမှာ သွားနေချင်လည်း မရဘူး၊ ဘာဖြစ်လို့ လည်း ဆိုတော့ အန်ကယ်ဇော်နဲ့ ဒေလီယာတို့ အုပ်စုက ရှိသေးတယ်၊ အန်ကယ်ကို သူတို့ လက်ထဲမှာ မ င်း ဒီတိုင်းထားခဲ့မှာ လား"

ဖေဖေ့မျက်နှာကိုမြင်ယောင်ကာ ပြောနေကျကို အတ္တဆန်စွာ ထွက် ကျလာတော့မည့် စကားလုံးတွေ နှုတ်ခမ်းဖျားမှာ ပဲ ပျောက်ဆုံးသွားခဲ့ ၏။

နှုတ်ခမ်းအစုံ တင်းတင်းစေ့ပိတ်၍ ငေးသွားခဲ့သည့် သူ့ကိုကြည့်ကာ ချိုတူးအနားမှ အသာလေးခွာသွားသည် ။

ချိုတူးဟာ သူ့အပေါ်ဆို သေးသေးမွှားမွှားကိစ္စလေးတွေကအစ အ

လွန်အလိုက်သိတက်သူဖြစ်သည် ။ ကိုယ့်အလုပ်သမားလည်း မဟုတ်။ သူငယ်ချင်းလဲမဟုတ်။

ဆွေမျိုးစပ်မည်ဆိုလျှင် ညီအစ်ကိုနှစ်ဝမ်းကွဲလောက်တော်သေးသည် ။ ဒါပေမဲ့ သူတို့ မိသားစုက အထည်ကြီးပျက်ဖြစ်ကာ ဖေဖေက ထောက်ပံ့ပေးခဲ့ကသည် ။

ချိုတူးကတော့ အနားမှာ အစထဲက သွားအတူလာအတူဖြစ်နေရင်း သူ့အတွင်းရေးမှူးလို အရေးပါနေခဲ့၏။ ထို့အပြင် သူ့စိတ်အလိုကိုသိသည့်နေရာမှာ လည်း ချိုတူးလောက် ပါးနပ်သူမရှိ။

တစ်ယောက်နှင့်တစ်ယောက် ပြောမှားဆိုမှားဖြစ်လျင်လဲခွင့်လွှတ်သည် ။

ရှေ့တင်မှာ ကော ကွယ်ရာမှာ ပါ ချိုတူးဟာစကားအတင်းမပြောတက်ဘဲ သူ့မှ သူ သူ့ကိုအချစ်ဆုံး။

" နားလည်ရဲ့ သားနဲ့ စစ်တမ်းရာ အခု ဒီခြံနဲ့ တိုက်ကို ချက်ချင်းကောက်ဝယ်လိုက်ရတာလည်း မင်းစိတ်ကြိုက်ပဲ။"

" ငါက ဝယ်ချင်တာလေ မင်းရွေးချယ်တာကို စိတ်ချပြီး မျက်နှာလွှဲခဲပစ် ပုံအပ်ထားခဲ့တာ"

မှုန်ကုတ်ကုတ်သူ့မျက်နှာကို ကြည့် ချိုတူးက လေပြေထိုးသည့်အသံနှင့်ရယ်၏။

"ခုကော ငါသေချာလုပ်ထားတာပဲ စစ်တမ်းရာ ၊ကြည့်စမ်း ခြံကြီးဘယ်လောက်ကျယ်သလဲ၊ ရှေ့နောက် အကျယ်ကြီးထဲမှာ မင်းသဘောမကျရင် ပန်းပင်ကလေးတွေ ပြောင်းရွှေ့ပစ်လိုက်တာနဲ့ ပြီးပြီ။ ဘယ်နေရာမှာ ဖြစ်ဖြစ် ပတ်ဝန်းကျင်ဆိုတာရှိနေသ ၍ မိန်းမမရှိတဲ့ အ

ရပ် ရှာတွေ့ဖို့ တော့မလွယ်ဘူး။ မင်းလည်း ငါလုပ်ရမယ့် ငါ့ဘက်က အ ခက်အခဲကို နည်းနည်းပါးပါး စာနာကြည့်ပါဦး "

"မင်း ငါ့ကို နားလည်ဖို့ ပဲလိုတာ ချိုတူး၊ ငါ့ရင်ထဲမှာ ဘာဖြစ်ချင်တာ မဖြစ်ချင်တာ မင်းသိရမှာ "

"သိပါတယ်ကွာ၊ ဒါပေမဲ့ မဖြစ်နိုင်တဲ့ တချို့နေရာတွေမှာ ငါက မီးခွ က်စောင့်နတ် မဟုတ်ဘူး ဆိုတာလည်း မင်းသတိရပေးပါအုံး"

နှစ်ယောက်သား ဆွေးနွေးလို့ မရဘဲ ဆုပ်မှုတွေတော့ ခဏလေး ငြိမ် ကျသွားခဲ့၏။ စစ်တမ်း နောက်ထပ်တစ်ခါ မျက်နှာလွှဲနေတော့ ချိုတူးလ ည်း နောက်ထပ်တစ်ခါ အသာလေး လစ်ထွက်လာခဲ့ရပြန်သည် ။

တစ်ယောက်တည်းထွက်လာခဲ့တာ သူ ကျေကျေနပ်နပ်ရှိမရှိ မသိရ ဘဲ ချိုတူးမှာ လည်း အောက်ထပ်ရောက်တော့ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။

သို့သော် အပေါ်ကိုပြန်တက် စကားပြောလျှင်လည်း စစ်တမ်းနဲ့ သူ မငြိမ်းချမ်းဖွယ်က ရှိလေသေးသည် ။

တကယ်ဆို စစ်တမ်းကို သူချစ်ပါသည် ။ အထူးသဖြင့် သူများ တွေ အတင်းအဖျင်းပြောကြမှာ ကို မခံနိုင်တာဖြစ်သည် ။

လုပ်ငန်းခွင်ထဲမှာ စစ်တမ်းကို တချို့သောလူတွေက ‘စစ်တမ်းဟာ နှ လုံးသားဒဏ်ရာတော့ ရှိခဲ့လိမ့်မယ်’ ဟု ထင်ကြေးပေးကြ၏။

တချို့ကကျတော့ “မိန်းမမုန်းဝါဒီသမားဗျ၊ သူ ကြေကွဲထားတာရှိလို့ ဖြစ်မှာ ပေါ့” ဟု ကွယ်ရာမှာ ပြောကြသည် ။

ဒါတွေကို သူမခံချင်တာပါ။ စစ်တမ်း ဘယ်လောက်ထိ သန့်ရှင်းတ ယ်ဆိုတာ သူအသိဆုံး။

ဒီနေ့ထိ အချစ်နဲ့ မိန်းမကို စိတ်မဝင်စားတတ်ခဲ့သူ၏ ရင်ထဲမှာ မိန်းမတွေကို ကြည့်မရ နိုင်ခြင်းထက် ပို၍ မုန်းတီးခဲ့၏။

ထိုမုန်းတီးရခြင်းအကြောင်းသည် လူတွေထင်သလို မဟုတ်ခဲ့ပါ။

အကြောင်းအားလုံးသည် သူဌေးကြီးဦးသန်းဇော်၏ ဇနီး ဒေလီယာ တစ်ယောက်တည်းနှင့် သာ ဆိုင်၏။

သ ူမ ၏ လောဘကြီးတတ်သော အလိုရမ္မက်ကြီးသော အကျင့်ဆိုးများမှ စ၍ ထိုအကျင့်စရိုက် များ သည် သူနှင့် တိုက်ရိုက်ပတ်သက်လာခဲ့သောအခါ . . .

"ချို့တူး"

"ဟင်"

ချို့တူး လွတ်လပ်စွာတွေးနေရင်း တီဗွီကိုဖုံသုတ်နေဆဲ နောက်ကခေါ်သံကြောင့် ဆတ်ခနဲ့ ဖြစ်သွားခဲ့၏။

"ပြန်မယ်"

"မင်း . . . မနက်ဖြန်ပြောင်းမှာ လား၊ ဒါဆို မင်းကိုပြန်ပို့ပြီးတာနဲ့ ငါ အားချင်း ဒီမှာ စီစဥ်လိုက်မယ်"

သူ ဘာမှ မဖြေသောကြောင့် သူ့နောက်ကိုပြေးလိုက်ရင်း တံခါးတွေ ကမန်းကတန်းပြန်ပိတ် ကားပေါ်ပြေးတက်ပြီးမှ . . .

"ဟင်. . . မင်း ပြောင်းမှာ မို့လား"

ဟု ထပ်မေးရသည် ။

ချို့တူး သေချာထိုင်ပြီးမှ သူက ကားစက်နှိုးလိုက်ပြီး . . .

"အဆင်ပြေတဲ့ နေ့ ပြောင်းမယ်"

“ဒါနဲ့ မင်းပဲ ချက်ချင်းပြောင်းမှာ ဆို၊ ငွေချေမယ့်နေ့တောင်ရက်ရွှေ့ပစ်လိုက်ပြီးတော့”

“အေး . . . အခုမပြောင်းသေးဘူး၊ မင်းအလုပ်မင်းလုပ်စမ်းပါ၊ ဖေဖေမေးရင်လည်း ဘာမှ သေချာမပြောနဲ့ ဦး၊ ငါ အေးအေးဆေးဆေးပဲနေချင်တယ်”

“အေးပါ . . . မင်းမပြောင်းသေးလည်း ငါကတော့ အိမ်ကိုအမြန်ဆုံးပြီးအောင် သန့်စင်ထား ရမှာ ပဲ၊ ပြီးထားတော့ အချိန်မရွေးပြောင်းလို့ ရတာပေါ့”

သူ ဘာမှ မပြောတော့ဘဲ ကားကိုသာ အာရုံစိုက်မောင်းနေ သဖြင့် ချိုတူးလည်း ပါးစပ်ပိတ်နေ လိုက်သည် ။

စိတ်ထဲမှာ တော့ သိနေပါသည် ။ ထိုအိမ်ကိစ္စအတွက် ရှေ့ဆက်ခေါင်းရှုပ်ရဦးမယ်ဟု . . .။

*